**PICA** media

PUBLISHING HOUSE



# လူငယ်နဲ့ အကြောင်းအလဲ

မောင်မင်းစိုး၊ရွှေနံ့သာ၊

## မိတ်ဆက်နိဒါန်း အနည်းငယ်

ခြေလှမ်းတွေကတော့ အနည်းငယ်တော့ စိပ်တယ်လို့ ဆိုရမှာပေါ့။ အခုဒီစာအုပ်လေးကတော့ ခုနစ်အုပ်မြောက်ဘဝမှတ်တိုင် ဖြစ်ပါတယ်။

ဒါကြောင့် အရင်စာအုပ်လေးတွေလိုတော့ မဟုတ်ဘူးပေါ့။ ပြောချင်တာလေးတွေကို ဘာသာရေးဘက်ကအကြောင်းအရာလေးတွေနဲ့ အားကောင်းတဲ့စကားလေးတွေကို အခြေခံပြီး အခြားလောက သဘာဝအဖြစ်အပျက်လေးတွေကို တန်ဆာဆင်ပြီး မအီအောင်တော့ ကြိုးစား ထားပါတယ်။ တကယ်တော့ လူငယ်တွေကို အဓိကထား ပြောပြော နေတယ်ဆိုပေမယ့် အားလုံးနဲ့လည်း အဆင်ပြေအောင်တော့ ကြိုးစား ပြီး တင်ပြထားပါတယ်။ ဘာသာရေးဆိုလို့ လေးသွားမယ်လား လို့ ထင်ကောင်း ထင်ပါလိမ့်မယ်။ ဒါပေမယ့် တင်ပြပုံလေး အနည်းငယ် အရင်နဲ့မတူအောင် ကြိုးစားထားတာဆိုတော့ မလေးလောက်ဘူးလို့ တော့ ထင်ပါတယ်။

တကယ်တမ်းပြောရရင် ဘာသာရေးနဲ့လူငယ်လေးတွေ နည်းနည်းစိမ်းနေသလားလို့ ထင်မိတယ်။ ဒါကြောင့် မိတ်ဆက်ပေးချင်တာနဲ့ ဒီသတ္တမမြောက်ခြေလှမ်းလေးကိုတော့ အရင်စာအုပ်တွေနဲ့ မတူအောင် ဘာသာရေးရှုထောင့်ဘက်ကနေ အခြေခံပြီး ရေးသားလိုက်ပါတယ်။

နောက်တစ်ခုကလည်း ကိုယ်လေးစားရတဲ့ ဆရာသမားများနဲ့ အခြားသူငယ်ချင်းတော်တော်များများကလည်း ဘာသာရေးအနည်းငယ်နွှယ် တဲ့ အရေးအသားမျိုး၊ အကြောင်းအရာခပ်ပါးပါးနဲ့ လူငယ်လေးတွေကို ခါတိုင်းနဲ့မတူအောင် ပြောစေချင်တဲ့ဆန္ဒနဲ့ တိုက်တွန်းခဲ့တာကြောင့် အခုလိုရေးသားရခြင်းလည်း ဖြစ်ပါတယ်။ သူတို့ တိုက်တွန်းခြင်းကြောင့် လို့လည်း ဆိုနိုင်ပါတယ်။

လူတွေ ဖန်းတီးပြုလုပ်တဲ့ ပျက်စီးရာပျက်စီးကြောင်း စွမ်းအားပြင်း

လက်နက်တွေထဲမှာ ကြောက်စရာအကောင်းဆုံးနဲ့ သတ္တိအကြောင်း ဆုံးကတော့ ''စကားလုံး''ပဲ ဖြစ်ပါတယ်။ ဓားတွေ၊ သေနတ်တွေဟာ သွေးတွေကို သဲလွန်စ ချန်ထားခဲ့တယ်။ ဗုံးတွေက အဆောက်အအုံ တွေနဲ့လမ်းတွေကို ကိုင်လှုပ်ပစ်တယ်။ အဆိပ်ကိုတောင်မှ အမြဲတမ်း စုံစမ်းရှာဖွေတွေ့နိုင်ပါတယ်။

ဒါပေမယ့် မကောင်းမှုကို ဆွပေးတဲ့ ဖျက်လိုဖျက်ဆီးစကားလုံး ဆိုတာကတော့ သူ့နောက်ကွယ်မှာ ဘာသဲလွန်စမှ ချန်ထားလေ့ မရှိ ဘူး။ ကလေးတွေဟာ သူတို့မိဘတွေအတွက် နှစ်ပေါင်းများစွာ ပုံစံသွင်း ပေးရမယ့်ကိစ္စတွေ ဖြစ်နေတယ်။ အနုပညာသမားတွေဟာ အညှာ အတာကင်းမဲ့စွာ လူသိရှင်ကြား ပုတ်ခတ်ခံနေရသူတွေ ဖြစ်နေတယ်။ မိန်းမတွေဟာ စနစ်တကျ အောက်ခြေက လှိုက်စားနေတဲ့ သူတွေလို သူတို့ယောကျ်ားတွေရဲ့မှတ်ချက်ချစရာအရာတွေ ဖြစ်နေတယ်။ ယုံကြည် မှုဟာ ဘာသာတရားရဲ့စောင့်ထိန်းရမယ့်တရားဖြစ်တယ်လို့ ဘုရား သခင်ရဲ့အသံတော်ကို ဘာသာပြန်နိုင်သူ၊ တစ်ဆင့်ခံပြောနိုင်သူလို့ သူတို့ကိုယ်သူတို့ အကဲဖြတ်ထားသူတွေရဲ့ ညွှန်ကြားစရာ ဖြစ်နေတယ်။ ဒီလက်နက်ကို တကယ်လို့ သင်ကိုယ်တိုင်အသုံးပြုမယ်ဆိုရင် ကောင်း၊ မကောင်း သင် စစ်ဆေးကြည့်စမ်းပါ။ တကယ်လို့ ဒီလက်နက်ကို သင့် အပေါ်မှာ တစ်စုံတစ်ယောက်က အသုံးပြုလာမယ်ဆိုရင် ကောင်း၊ မကောင်း စစ်ဆေးကြည့်စမ်းပါ။ ပြီးတော့ နှစ်ခုလုံးကို တစ်ပြိုင်နက် ဟန့်တားပေးပါ။

(ပေါ်လိုကိုဟိုး၏ ဒဿနစာစုများ၊ ဆရာသစ္စာနီ၊ ဘာသာပြန်)

လူတွေဖန်တီးပြုလုပ်တဲ့ ပျက်စီးရာပျက်စီးကြောင်း စွမ်းအား ပြင်းလက်နက်တွေထဲမှာ ကြောက်စရာအကောင်းဆုံးနဲ့ သတ္တိအကြောင်း ဆုံးကတော့ ''စကားလုံး''ပဲ ဖြစ်ပါတယ် - တဲ့။ ဒီနေရာမှာ ရေးသားထား တဲ့အကြောင်းအရာတွေ၊ ရေးသားတင်ပြထားတဲ့ စကားလုံးတွေဟာ စွမ်းအားအပြင်းဆုံးလက်နက်မဟုတ်ဘူးဆိုတာကိုတော့ အသေအချာ ဆိုသလို

ရဲရဲကြီး ပြောလိုပါတယ်။ ထိုက်တန်တဲ့ အသိပညာကိုတော့ တစ်ခုမဟုတ်တစ်ခု ပေးလိုက်ပါတယ်။ တစ်ခုခုရသွားတယ်ဆိုရင်တော့ ကျေနပ်ပါပြီ။

အခု ဒီစာအုပ်လေးကိုတော့ … ပီကာမီဒီယာဂရု(ပ်)က ကိုလူဇော်သစ် +မသန္တာကျော်မောင်တို့ က စီစဉ်ပါတယ်။ သူတို့လည်း တတ်နိုင်သလောက်တော့ အကောင်း ဆုံးဖြစ်အောင် ကြိုးစားထားတယ်ဆိုတော့ အားလုံးအဆင်ပြေလိမ့်မယ် လို့ ထင်ပါတယ်။ သူတို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

တင်ပြပုံလိုင်းခွဲလိုက်တာဆိုပေမယ့် အရင်စာအုပ်များရဲ့ ရေးဟန် အတိုင်း ပြောချင်တဲ့အကြောင်းအရာလေးတွေကို ခပ်သွက်သွက်ပဲ ရေး သားထားခြင်းဖြစ်တဲ့အတွက် မငြီးငွေ့စေဘဲ တစ်ပုဒ်ပြီးတိုင်း တစ်ခုခု တော့ရနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလို ကိုယ်ဝါသနာပါတာလေးတွေကို ကူညီလက်တွဲ ဖြည့်ဆီးပေးတဲ့ ပီကာမီဒီယာဂရု(ပ်)ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ဒီစာအုပ်လေးကိုလည်း စာဖတ်သူရဲ့လက်ထဲကို ပို့နိုင်ခဲ့ပါတယ်။

၄-အုပ်မြောက်ထွက်ခဲ့တဲ့ ''လူငယ်နဲ့ခေါင်းဆောင်မှု'' ကိုတော့ ပရိသတ်ကြီးက တော်တော်လေးကို အားပေးခဲ့တာ တွေ့ရတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ ရေးသူနဲ့ဖတ်သူဆို တာ ဒီလို သဟဇာတမျှပြီး ဒွန်တွဲနေမှ စီစဉ်ရတာ တစ်အုပ်ပြီးတစ်အုပ် အဆင်ပြေတယ် မဟုတ်လား။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးကို အထူး အားဖြင့် ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**လေးစားစွာဖြင့်**

**မောင်မင်းစိုး၊ရွှေနံ့သာ၊**

*

အခန်း (၁)

# တန်ပြန်သက်ရောက်မှုများ

စိတ်သည် ဆုံးမရန် အလွန်ခက်၏။ အလွန်လျင်မြန်၏။

ရောက်ချင်ရာရောက်တတ်၏။

ထိုစိတ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်လျှင် ကောင်း၏။

ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုဆောင်နိုင်၏။ (ဗုဒ္ဓ)

သတ္တာနဉ္စ နဝနဝမေဝ ပိယံ ဟောတိ - သတ္တာနဉ္စ နဝနဝမေဝ ပိယံ ဟောတိ - သတ္တဝါဆိုတာ အသစ် အသစ်ကိုသာ ချစ်တယ်။ လိုချင်တယ်။ တပ်မက်တယ်။ တောင့်တတယ်။

ပိုင်ဆိုင်ချင်တယ်။ မှန်ပါတယ်။ သူသူငါငါ အသစ်လေးတစ်ခု ဆန်းဆန်း ပြားပြား ပေါ်လာပြီဆိုရင် ဒါလေးကို ရချင်ကြတယ်။ ဒီတော့ ရအောင် လုပ်တယ်။ ဆိုပါတော့ မိမိအဖြစ်ကိုပဲ ပြောပါ့မယ်။ အစကတော့ ကွန်ပျူ တာလေး စာစီ၊ စာရိုက်လုပ်လို့ရရင် တော်ပြီပေါ့ ဆိုပြီး အဟောင်းလေး တစ်လုံး ဝယ်လိုက်တယ်။ ဒါပေမယ့် စိတ်က ဒီမှာ ရပ်တန့်မနေခဲ့ဘူး။

ရောင့်ရဲမနေခဲ့ဘူး။ ဒါကြောင့် ငါးလုံးတိတိ အလဲအလှယ်လုပ်ရင်း နောက် ဆုံးပေါ်ဆိုတာအထိ ကိုင်ချင်လာခဲ့တယ်။ ဒီလိုနဲ့ အသစ်တွေဟာ လူတွေရဲ့ စိတ်တွေကို ဆွဲငင်လာခဲ့တယ်။ ဒီတော့ ဒီအသစ်တွေနောက် လိုက်ကျ ရင်း မောပန်းခဲ့ကြရတယ်။ လူ့စိတ်ဆိုတာ သိတဲ့အတိုင်း ရလေ လိုလေ အိုတစ္ဆေ ဆိုတဲ့ အတိုင်းပါပဲ။ လိုချင်တာတွေက များ။ များသလောက် လိုက်။ လိုက်တော့ ပင်ပန်းရတာ ပေါ့။

ဆုံးမဖို့ ခက်ခဲတဲ့ စိတ်ရဲ့အလိုဆန္ဒတွေကို ပြည့်စေဖို့ လိုချင်မှုတွေဟာ ဘဝကို ရစ်နှောင်လာတယ်။ ရှောင်ကွင်းသွားလို့ ရပေမယ့် ဒါကို တည့်တည့်တိုးပြီး

ဝင်ရောက်ကြတယ်။ မဆုံးနိုင်တဲ့ ဆာလောင်မှုတွေဟာ တစ်နေ့နဲ့တစ်နေ့ မတူဘဲ ပိုပိုလာတယ်။ လှတာလေး လိုချင်တယ်။ ကောင်းတာလေး လိုချင်တယ်။ ဒါကိုပဲ လူ့ဘဝရဲ့တပ်မက်မှုများလို့ ခေါင်းစဉ်တပ်လိုက်ကြတယ်။ ဒီခေါင်းစဉ်အောက်မှာ မူးဝေနေရင်း လိုက်ခဲ့ကြတဲ့ အလိုမပြည့်မှုတွေဟာ တစ်နေ့တခြား များပြားလာခဲ့တယ်။ ဒါကိုပဲ အဖော်အဖြစ် ထားခဲ့ကြတယ်။ အဖော်နဲ့ပျော်စရာတွေ ရှိခဲ့သလို၊ ဒုက္ခတွေလည်း ဝေခဲ့ပါတယ်။ ယံပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ-လို့ ဗုဒ္ဓက ဓမ္မစကြာ ဒေသနာတော်မှာ လိုတာမရခြင်းသည် ဒုက္ခဆိုပြီး ဟောတော်မူခဲ့ပါတယ်။ လို၍ မရသော ဆင်းရဲပေါ့။

ဟုတ်ပြီ။ ဒီလိုဆိုရင် လူသားတွေ ဘာတွေ လိုချင်ကြတာလဲ။ ဘာတွေ လိုအပ်နေပါသလဲ။ စစ်တမ်းတစ်ခု သူငယ်ချင်းတွေကိုကောက်ကြည့်တဲ့အခါ။ လွတ်လပ်မှုကို လိုချင်တယ်။ တရားမျှတမှုကိုလိုချင်တယ်။ စာနာနားလည်မှုကို လိုချင်တယ်။ မေတ္တာတရားကို လိုချင်တယ်။ သနားကြင်နာမှု၊ ကရုဏာတရားကို လိုချင်တယ်။ တစ်ဦးကိုတစ်ဦး လေးစားယုံကြည်မှု၊ တန်ဖိုးထားမှု၊ ဗိုလ်ကျစိုးမိုးမှု မရှိတာတွေကို လိုချင်တယ်။ ဒီတော့ ဒီလိုချင်မှုတွေနဲ့ ကမ္ဘာ့မြေပေါ်မှာ လိုချင်တာ မရ တော့ တစ်ဦးကိုတစ်ဦး၊တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပဋိပက္ခတွေနဲ့ နပမ်းလုံးကြရတော့တယ်။ ဒီလိုနဲ့ပဲ လို၍ မရသော ဆင်းရဲတွေက တန်းစီလိုက်လာပါတော့တယ်။

တောင်းဆိုမှုတွေ အမျိုးမျိုး လုပ်လာကြတယ်။ တောင်းဆိုမှုတွေ မရတော့ ဆင်းရဲမှုတွေ ပင်လယ်ဝေလာကြတော့တယ်။ ဆင်းရဲတွင်းကနေ ရုန်းမထွက်နိုင်တာ တွေ ဖြစ်လာတော့တယ်။ ဆင်းရဲမှုပင်လယ်ထဲလက်ပစ်ကူးရင်း အားမာန်နဲ့ ဆက်ပြီး ကူးနေကြတော့တယ်။ ဒီဆင်းရဲတွင်းထဲကိုပဲ ခုန်ပျံကျော်လွှား ကူးခတ်ရင်း ဆင်း သွားနေခဲ့ကြတယ်။ ဘာကြီးအောင်ညာသလို လိမ်ညာမှုတွေနဲ့ ခရီးဆက်နေကြရင်း မျက်စောင်းတွေထိုးလာတယ်။ တိုက်ခိုက်မှုတွေ လုပ်လာတယ်။ ရန်ပြုမှုတွေ ဖြစ်လာ တော့တယ်။ ဒါတွေဟာ လိုချင်တာ မရခြင်းရဲ့

အဓိကဆိုးကျိုးတွေအဖြစ် ရောက်ရှိ လာတာပဲ ဖြစ်ပါတယ်။

ဒီဆိုးကျိုးတွေရဲ့ နောက်ကွယ်က ပုံရိပ်တွေဟာလည်း မတွေ့ဖူးစရာတွေ ဖြစ်လာပါတော့တယ်။ မတရားတွေ၊ တရားတာတွေ မသိတော့ဘူး။ လုပ်သင့်တာတွေ၊ မလုပ်သင့်တာတွေ ဝေခွဲမနေတော့ဘဲ လောဘမီး၊ ဒေါသမီးတွေရဲ့ လောင်မြိုက်ခြင်းကို ခံစားကြရပြီး၊ စိတ်တွေဟာ ကိလေသာမီးတွေရဲ့ ရှို့မြိုက်မှုတွေကနေ တမြေ့မြေ့လောင်ကျွမ်းသွားပါတော့တယ်။ စစ်မက်ဒဏ်တွေ ကျလာတယ်။ စစ်မီးလျှံတွေအောက်က ဒူးထောက်နေရတဲ့ အပြစ်မဲ့သားကောင်းတွေအဖြစ် လူသားတွေ ပူလောင်ခံစားနေကြရတော့တယ်။ ကြောက်စရာကောင်းတဲ့ ဂြိုလ်ဆိုးတွေရဲ့ အမွေအနှောက်ကိုခံရပြီးတဲ့နောက်မှာတော့ အစိပ်စိပ်အမွှာမွှာ ပြိုကွဲလာပါတော့တယ်။ ဒါတွေဟာလည်း လို၍ မရသော ဆင်းရဲပဲ မဟုတ်လား။

သတ္တဝါဆိုတာ မိမိပြုလုပ်ခဲ့တဲ့ ကံတွေကနေတစ်ဆင့် လူ့ဘဝကြီးကို ရောက်ရှိလာခဲ့ကြတယ်။ မိမိလုပ်ခဲ့တဲ့ ကံအားလျော်စွာပဲ အခြားမဲ့ကာလ နောက်ဘဝတွေမှာ လားရောက်ကြရမယ်။ ဒီလိုသိဖို့ လိုတယ်။ သိရင် သိတဲ့အတိုင်း ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ကောင်းမှုတွေနဲ့ လူသားဆန်တဲ့လမ်းကို လျှောက်လှမ်းနိုင်ဖို့ လိုပါတယ်။ အတ္တနော ကမ္မေန အာဂန္တွာ အတ္တနော ကမ္မေနေဝ ဂမိဿတိ အတ္တနော ကမ္မေနေဝ ဂမိဿတိ -ကိုယ်ပြုသောကံဟာ တစ်နေ့ ကိုယ့်ထံ ပြန်လာမယ်။ ဒါဟာ အရေးကြီးပါတယ်။ ဒါသည်ပင်လျှင် တန်ပြန်သက်ရောက်မှုအား ဖြစ်ပါတယ်။ သေချာတာတစ်ခုကတော့ အတိတ်ရဲ့အရိပ်တွေဆိုတာ လွှမ်းမိုးခံရတတ်ပြီး မိမိပြုထားတဲ့ မကောင်းတဲ့အာရုံ ဆိုးတွေရဲ့ယိုးမယ်ဖွဲ့မှုတွေကို ခံရတတ်တယ်။ ဒါကြောင့် လူသားဆန်တဲ့ အပြုအမူ ကိုပြုမူပါ၊ ပြောဆိုပါ၊ ဆက်ဆံပါ၊ ဆောင်ရွက်ပြုလုပ်ပါ။ ဒါမှသာလျှင် လူ့အဖွဲ့စည်း ကြီးတစ်ခုလုံး ချမ်းအေးသာယာလာပြီး ချမ်းသာသုခတွေ ထွေးပိုက်လာပါလိမ့်မယ်။ ဘုရားရှင်ဝါ(၂၀)အတွင်းမှာ အမြဲတမ်းမိမိကိုယ်ပြုစုလုပ်ကျွေးတဲ့ ဥပဋ္ဌာ ကရဟန်းဆိုတာ မရှိပါဘူး။ နာဂသမာလ၊ နာဂိတ၊ ဥပဝါန၊ သုနက္ခတ္တ၊ စုန္ဒ၊ သာဂတ၊ ရာဓ၊ မေဃိယ

စသဖြင့်ပေါ့။ ဒီထဲက ဘုရားရှင်ကို ပြုစုလုပ်ကျွေးဖူးတဲ့ အရှင်မေဃိယအကြောင်းလေးကို အနည်းငယ် ပြောပြလိုပါတယ်။

မြတ်စွာဘုရားရှင် စာလိကာမြို့အနီး စာလိကာတောင်ပေါ်ကျောင်း ဝါကပ် စဉ်အခါက ဇန္တုကရွာကို ဘုရားရှင်နဲ့အတူ အရှင်မေဃိယ ဆွမ်းခံလိုက်ခဲ့ပါတယ်။ ဆွမ်းကိစ္စပြီးတော့ တိမိကာလာမြစ်ကို ကြွရောက်ကြတယ်။ အဲဒီ မြစ်ရဲ့အနီးမှာ ပျော်မွေ့ဖွယ်ကောင်းတဲ့ သရက်ဥယျာဉ်ကို အရှင်မေဃိယ တွေ့တယ်။ အရှင်မေဃိ ယဟာ ဒီဥယျာဉ်မှာ နေချင်စိတ်ပေါက်လာပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘုရားရှင် နဲ့ပြန်မလိုက်တော့ဘဲ ဒီသရက်ဥယျာဉ်မှာပဲ တရားအားထုတ်ပြီးနေခဲ့ချင်စိတ် ဖြစ် ပေါ်လာတော့ ဘုရားရှင်ကိုတောင်းပန်ပြီး နေခဲ့ဖို့ ပြောပါတယ်။

ဒါကို ဘုရားရှင်က တားမြစ်ပါတယ်။ ''ချစ်သား မေဃိယ၊ သင်ဟာ ငါ ဘုရားရှင်ရဲ့အလုပ်အကျွေးရဟန်းဖြစ်ပါတယ်။ သင်သွားမယ်ဆိုရင်တော့ ငါ တစ်ပါးတည်း ကျန်ရစ်ခဲ့လိမ့်မယ်။ အခြားရဟန်းတစ်ပါးလောက်လာအောင် စောင့် ပါဦး'' ဆိုပြီး။ ဘုရားရှင်က တားတယ်။ ဒါပေမယ့် မေဃိယက သဘောမတူဘူး။ ပြန်မလိုက်နိုင်ဘူးပေ့ါ။ ပြောမရတဲ့အဆုံးမှာတော့ မင်းသဘောဆိုတဲ့ အနေနဲ့ ဘုရား ရှင် ခွင့်ပေးလိုက်တယ်။

ဒီလိုနဲ့ အရှင်မေဃိယလည်း အဲဒီ မှာ ကျန်ရစ်ခဲ့ပြီး ရဟန်းတရား အား ထုတ်မယ်လုပ်ပြီး၊ ကျောက်ဖြာပေါ်ထိုင်လိုက်တယ်။ တရားအားထုတ်တယ်။ ဒါပေ မယ့် သူ့သန္တာန်မှာ တရားဆိုတာ ပေါ်ထင်လာမှု မရှိဘဲ၊ ကာမဝိတက်၊ ဗျာပါဒဝိ တက်၊ ဝိဟိံသဝိတက်ဆိုတဲ့ မကောင်းတဲ့အကုသိုလ်ဝိတက်တွေကပဲ ကြီးစိုးနေခဲ့ တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ ဒီသရက်ဥယျာဉ်မှာ ပြည့်ရှင်မင်းဘဝနဲ့ ဘဝပေါင်း ငါးရာတိုင်တိုင် စိုးစံနေထိုင်ခဲ့ဖူးတယ်။ ဒီတော့ အဲဒီ ဘဝပေါင်းများစွာ ခံစားခဲ့တဲ့ ကာမအာရုံတွေက အရိပ်သဖွယ်လိုက်လာပြီး ထင်ပေါ်လာခဲ့တယ်။ ကချေသည်မများရဲ့ပျော်တော်ဆက်အဖြစ်တွေ၊ ထီးဖြူးဆောင်းပြီး ဟန်ပြ

မာန်ကြွနေထိုင်ခဲ့မှုစတဲ့ ကာမဝိတက်တွေ ဖြစ်ပေါ်လာတယ်။ မင်းအဖြစ်တုန်းက တိုင်းပြည်အုပ်ချုပ်တဲ့အခါ သူခိုး၊ဓားမြ စတဲ့ ရာဇဝတ်မှုကျူးလွန်သူတွေကို သတ်သင့်တဲ့လူကို သတ်စေခိုင်းခဲ့တဲ့ ဖြစ်စဉ်တွေကလည်း ထင်ပေါ်လာခဲ့တယ်။

ဒါတွေကတော့ ဗျာပါဒဝိတက်ပေ့ါ။ ဒီလို အကုသိုလ်ဝိတက်တွေဟာ တစ်ခုပြီးတစ်ခု ထင်ပေါ်လာတော့ ရဟန်းတရားအားထုတ်ရတာ ဘဝင်မကျတော့ဘူးပေ့ါ။ ဒီလို အကုသိုလ်ဝိတက်တွေ ထင်ပေါ်လာတော့ ဝိပဿနာဆိုတာတွေ တက်မလာဘူး။ သမာဓိဆိုတာတွေ ထူထောင်လို့မရတော့ဘူး။ ဘုရားရှင် ဟောကြားခဲ့တဲ့ ဝေနေယျ စရိုက်အားလျော်စွာ ကျင့်ကြံအားထုတ်ရမယ့်တရားဆိုတာတွေဟာ အလိုလို ပျောက် နေခဲ့တယ်။ ဒါကြောင့် အပြုသဘောဆောင်တဲ့ ဘုရားရှင်ရဲ့ဆုံးမမှု၊ သွန်သင်မှု တွေကို နောင်တ ရလာတယ်။ ဒီတော့ ရဟန်းတရားအားထုတ်လို့မရတဲ့ အဆုံးမှာ တော့ ဘုရားရှင်ထံကို ပြန်လာခဲ့တယ်။

''ချစ်သား ငါဘုရား မင့်ကို အတန်တန်တားမြစ်ခဲ့တယ် မဟုတ်လား။ ရဟန်းဆိုတာ စိတ်ရဲ့အလိုကို လိုက်ဖို့မသင့်ဘူး။ စိတ်ကိုသာ မိမိရဲ့အလိုသို့ လိုက်စေရမယ်'' ဆိုပြီး၊ အရှင်မေဃိယကို တရားစကား ဟောကြားလိုက်ပါတယ်။ စိတ်ဆိုတာ အာရုံခြောက်ပါးတို့မှာ ပြေးသွားတတ်တယ်။

အာရုံတစ်ခုတည်းမှာ ကြာကြာ မနေတတ်ဘူး၊ လျှပ်ပေါ်လော်လီတတ်တယ်။

သင့်တော်တဲ့ အာရုံပေါ်မှာ ထားမရဘဲ ဖြစ်နေတတ်တယ်။

စောင့်ရှောက်ဖို့ ခက်ခဲတယ်။

လေးသမားဟာ ကောက်နေတဲ့မြားကို မီးမြိုက်ပြီး

ဖြောင့်အောင်လုပ်သလို ယောဂီပုဂ္ဂိုလ်ဟာလည်း

မိမိရဲ့စိတ်ကို အလိုအတိုင်းဖြစ်အောင် လုပ်ဖို့လိုတယ်။ (ဗုဒ္ဓ)

အထက်က ပြောခဲ့သလို လိုချင်တာတွေ တွေ့တော့ တောင့်တ၊ လိုချင်တယ်။ တပ်မက်တယ်။ တွယ်တာတယ်။ ဒါကြောင့် မရ ရအောင် ကြံဆောင်တယ်။

ပြုမူတယ်။ လုပ်ဆောင်တယ်။ တရားတာတွေ၊ ဘာတွေ ပဓာန မထားတော့ဘဲ၊ လုပ်သင့်၊ မလုပ်သင့်တာထက် မိမိလိုချင်တပ်မက်မှု အလိုဆိုးနောက်ကို လိုက်ပြီး ပြုမူလုပ်ဆောင်တော့တယ်။ ဒီတော့ မတရားမှုကြောင့် ဒီမတရားမှုရဲ့ အရိပ်ဆိုးတွေ ဟာ ဒီဘဝတင်မကဘဲ နောင်လာမယ့် ဘဝများစွာအထိ ရောင်ပြန်ဟပ်လာတော့ တယ်။ ဒီတော့ မကောင်းမှုတွေဟာ အရိပ်သဖွယ် လိုက်လာပြီး၊ စွဲလမ်းမှုသံယောဇဉ် တွေ၊ ဥပါဒါန်တွေဟာ မိမိကိုယ် အနိုင်ယူသွားတော့တယ်။ မကောင်းမှုတွေဟာ သက်ရောက်မှုသဘောအရ မကောင်းကျိုးတွေကို ဖြစ်စေတော့ပါတယ်။

တိုးတက်ပြောင်းလဲလာတာနဲ့အမျှ ဒီတိုးတက်မှုတွေနောက် လိုက်ပါကြရင်း မကောင်းမှုတွေကို ရဲရဲကြီးလုပ်လာကြတော့တယ်။ မကောင်းမှုလုပ်ရမှာ မကြောက်ကြတော့ဘူး။ ဆိုးကျိုးအနေနဲ့ကတော့ တန်းစီလိုက်ပါလာတော့တယ်။ အန္တရာယ်မျိုးစုံကနေ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ကြပြီး စိတ်ဆင်းရဲမှုတွေဟာလည်း ဒေါသတွေ၊ အာဃာတတွေကနေတစ်ဆင့် ကမ္ဘာ့မျက်နှာပြင်တစ်ခုလုံးကို အကုသိုလ်မှိုင်းတွေနဲ့ အတိုက်ခံလိုက်ရတော့တာပါပဲ။ လူသားများဟာ တခဏတာ လူ့အဖြစ်ကို ရောက်ရှိလာတဲ့အခိုက်အတန့်လေးမှာ လူသားဆန်တဲ့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တွေနဲ့ ကြီးပြင်းသွားကြဖို့၊ ရှက်လွှင့်ထွက်ခွာကြဖို့ လိုပါတယ်။ ဒါမှသာလျှင် ကမ္ဘာကြီးဟာ စစ်မီးလျှံတွေ၊ နှိပ်စက်ညှဉ်းပန်းမှုတွေကနေသွေဖယ်ပြီး ချမ်းသာတဲ့ ကမ္ဘာကြီးအဖြစ်နဲ့ ဆက်လက်ရှင်သန်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီ လိုမဟုတ်ရင်တော့ သဘာဝ ဘေးအန္တရာယ်ပေါင်းစုံရဲ့နှောက်ယှက်မှု၊ အချင်းချင်း တုန့်ပြန်တိုက်ခိုက်မှုဆိုတာတွေဟာ တစ်နေ့တခြား ဖြစ်ပေါ်လာဦးမယ် ဆိုတာပါပဲ။

စိတ်သည် ဆုံးမရန် အလွန်ခက်၏ ။ အလွန်လျှင်မြန်၏ ။

ရောက်ချင်ရာ ရောက်တတ်၏ ။

ထိုစိတ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်လျှင် ကောင်း၏ ။

ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ဆောင်နိုင်၏ ။

ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ဆောင်နိုင်၏ ။ - ဆိုသလို ဆုံးမရန်ခက်ခဲတဲ့ စိတ်ကို မိမိကသာအနိုင်ယူပြီး စိတ်အလိုသို့မလိုက်ဘဲ မိမိရဲ့အလို သို့သာ စိတ်ကိုလိုက်စေဖို့ လိုပါတယ်။ အဲဒီ လို စိတ်ကို ဆုံးမနိုင်ရင်တော့ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဟာတောက်ပလာပါလိမ့်မယ်။ ဖြူစင်သန့်ရှင်လာပါလိမ့်မယ်။ မေတ္တာ ဓာတ်တွေဖြန့်ဝေပြီး တစ်ဦးကိုတစ်ဦး စာနာနားလည်လာပါလိမ့်မယ်။ ယဉ်ကျေးတဲ့ စိတ်ကပဲ ကမ္ဘာလောကကြီးကို ချမ်းသာသုခသို့ ပို့ဆောင်နိုင်ပါလိမ့်မယ်။

သတ္တာနံ ဟိ သုခမ္ပိ ဒုက္ခမ္ပိ အာဂန္တုကမေဝ န နိစ္စပဝတ္တံ သတ္တာနံ ဟိ သုခမ္ပိ ဒုက္ခမ္ပိ အာဂန္တုကမေဝ န နိစ္စပဝတ္တံ - တဲ့။ ချမ်းသာသုခ၊ဆင်းရဲဒုက္ခဆိုတာ သတ္တဝါတွေအနေနဲ့ အမြဲတမ်းဖြစ်ပေါ်နေမှာ မဟုတ် ပါဘူး။ အာဂန္တုဆိုတဲ့ ဧည့်သည်သဘောမျှတာ ဖြစ်ပါတယ်။ အမြဲတမ်းဆိုသလို ချမ်းသာတဲ့လူဟာ ချမ်းသာနေမှာ မဟုတ်သလို၊ အမြဲတမ်းဆိုသလို ဆင်းရဲတဲ့ လူဟာလည်း ဆင်းရဲနေမှာ မဟုတ်ပါဘူး။ ဒါကြောင့် ချမ်းသာတဲ့လူတွေကလည်း ငါချမ်းသာတယ်။ ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့စိတ်ကို မမွေးပါနဲ့။ မမြဲဘူးဆိုတာ သိပါ။ ဆင်းရဲသူတွေကလည်း ငါ့မှာတော့ ဆင်းရဲလိုက်တာဆိုပြီး စိတ်ဓာတ်မကျပါနဲ့။

နောက် ဒီဆင်းရဲမှုကနေလွတ်မြောက်ဖို့ဆိုပြီး သူတပါးကို နိုင်ထက်ပြုကျင့်မှုတွေက နေတစ်ဆင့် မတရားတဲ့ သူတပါးမျက်ရည်ကျမယ့်အလုပ်တွေ လုပ်ပြီး၊ လိုချင်မှုတွေ နောက်လိုက်မသွားမိဖို့ လိုပါတယ်။ ဒီလိုဆိုရင်တော့ အထက်က ပြောခဲ့သလို ကောင်းတာလုပ်တဲ့လူအနေနဲ့ ကောင်းကျိုးချမ်းသာဆိုတဲ့၊ ကောင်းမွန်တဲ့ တန်ပြန် သက်ရောက်မှု၊ မကောင်းတာလုပ်တဲ့လူတွေအနေနဲ့လည်း မကောင်းမှုဆိုတဲ့ဆိုးကျိုး

ဆိုတဲ့တန်ပြန်သက်ရောက်မှုတွေဟာ မိမိနောက်ကို အရိပ်ပမာလိုက်နေမယ် ဆိုတာပါပဲ။ ။

*

## လူငယ်နဲ့ပရဟိတစိတ်ဓာတ်

သူတစ်ပါး အကျိုးကို လုပ်ဆောင်တာဟာလည်း ကိုယ့်အကျိုး အတွက် အားကောင်းတဲ့အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပါတယ်။ ဒီတော့ အကျိုးဆိုတာထက် လုပ်ရပ်ရဲ့အရှိန်အဝါဟာ တန်ဖိုးမြင့်လာတယ်လို့ ဆိုရမှာပေ့ါ။ လုပ်နိုင်သလောက် လုပ်ဖို့ပါပဲ။ ဒါပေမယ့် မနိုင်ဝန်ထမ်းစေတာမျိုးလည်း မဖြစ်သင့်ပါဘူး။ လုပ်ပိုင် ခွင့်နယ်ပယ်ကိုကြည့်ရမယ်။လုပ်နိုင်တာကိုပဲလုပ်ရမယ်။ ဘယ်လောက် လုပ်နိုင်လဲ။ ဘယ်လောက် အကျိုးများမလဲ။ ဘယ်အချိန်အထိ လုပ်ပေးနိုင်မလဲ။ ဘယ်သူတွေအတွက် အကျိုးဖြစ်ထွန်းမှု ဖြစ်စေ မလဲ။ ချင့်ချိန်ပါ။ တွေးတောပါ။ သေချာတာကတော့ မျှော်လင့်ချက်နဲ့ အသက်ရှင်နေရတဲ့လူသားတွေ လောကကြီးမှာ အများကြီးရှိနေတယ် ဆိုတာပါပဲ။ အနာဂတ်ရဲ့ဝန်တွေကို ပခုံးလွှဲတာဝန်ယူမယ့် လူငယ် တွေကို အဓိထားပြီး ပြောချင်ပါတယ်။

စိတ်ဓာတ်ခိုင်မာဖို့လိုတယ်။ တည်ငြိမ်ဖို့ လိုတယ်။ ပင်ပန်းမှု ဒဏ်ကို ကြံ့ကြံ့ခိုင်နိုင်ရမယ်။ နှောက်ယှက်မှုအဖုံဖုံကို တွန်းလှန်နိုင်ဖို့ လိုတယ်။ အမှန်တရားအတွက် ရပ်တည်ရဲတဲ့ စိတ်ဓာတ်ကို မွေးမြူ နိုင်ရမယ်။ ဖြစ်ချင်တာတွေကတော့များနေမှာပါပဲ။ ဒါပေမယ့် ဖြစ် သင့်တာကို ဦးစားပေးဖို့ လိုတယ်။ ကိုယ်တစ်ယောက်တည်း အနေနဲ့တော့ ရုန်းကန်ရတာ ခက်ခဲပင်ပန်းပါလိမ့်မယ်။ အများပါဝင်လာဖို့ ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိဖို့ လိုတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ အရာရာကို ဝေဖန်ပိုင်းခြားနိုင်ပြီး၊ ဆုံးဖြတ်ချက် ခိုင်မာစွာချနိုင်ဖို့ လိုပါတယ်။

ကိုယ်လျှောက်ရမယ့်လမ်းဟာ အမြဲတမ်းတော့ ပန်းခင်းသောလမ်း ဖြစ်နေ မှာမဟုတ်ဘူးဆိုတာပါပဲ။ မီးပင်လယ်ကို လက်ပစ်ကူးဖို့ မဟုတ်ဘူး။ ဓား တောင်ကိုဖြတ်ကျော်ဖို့မဟုတ်ဘူး။ ကိုယ့်လုပ်ပိုင်ခွင့်နယ်ပယ်ကနေ မယိမ်း မယိုင် နောက်မဆုတ် စိတ်ဓာတ်မွေးမြူပြီး သွားရမယ့်လမ်းကို ရဲရဲဖြတ် လျှောက်ဖို့ပါပဲ။ ဒီလို ဖြတ်လျှောက်တဲ့အခါ ဆူးလှည်းကြီးလို ဟိုတိုက်၊ ဒီတိုက်၊ ဟိုချိတ်၊ ဒီချိတ်တော့ မဖြစ်သင့်ဘူးပေ့ါ။ ဟိုငြိ၊ ဒီငြိတော့ သွားလို့ မရဘူးပေ့ါလေ။ အားလုံးကို အလေးတမူရှိဖို့ လိုပါတယ်။

ဘယ်သူရယ်မှ မဟုတ်ပါဘူး။ လူတိုင်းလိုလို ပရဟိတဆိုတာ လုပ်သင့်ပါတယ်။ အကောင်ကြီးလေ၊ ရာထူးကြီးလေ၊နာမည်ကြီးလေ ပိုပြီး လုပ်သင့်လေပေ့ါ။ အဲဒီ လိုလူတွေကနေတဆင့် နောက်ဆုံး သူတောင်းစား ဆိုသူတွေတောင် ပရဟိတဆိုတာ လုပ်သင့်ပါတယ်။ လူမှုရေးဆိုတာ လူသား အားလုံးနဲ့ဆိုင်တဲ့ အရေးဟာ လူမှုရေးပေ့ါ။ ဒီတော့ ဘယ်သူပဲဖြစ်ဖြစ်၊ အရိယာပုဂ္ဂိုလ်တွေတောင် ပရဟိတဆိုတာ လုပ်ရကြပါတယ်။ ရဟန္တာ ဆိုတာ မိမိအတွက် မဟုတ်တော့ဘဲ သတ္တဝါအတွက်ဆိုပြီး အလုပ်တွေ လုပ်သွားကြတာတွေကို စဉ်းစားကြည့်ပါ။

ဟုတ်တယ်၊ ဒီဘဝအတွက်ရော၊နောင်သံသရာအတွက်ပါ မိမိအတွက် ပြုစရာကိစ္စတွေ ကုန်သွားပြီ မဟုတ် လား။ ဒီတော့ သူတို့လုပ်နေတာတွေဟာ ပရဟိတဆိုတဲ့ သတ္တဝါတွေအတွက် အလုပ်လုပ်နေကြခြင်းသာ ဖြစ်ပါတယ်။ ဘုရားရှင်တောင် ကိုယ်တော့် အတွက် မဟုတ်ဘဲ ဒီပင်္ကရာဘုရားရှင်ထံမှာ တစ်ဦးတည်းအတွက် ရန်း ထွက်နိုင်သော်လည်း ကိုယ်လွတ်ရန်းတော်မမူခဲ့ဘဲ သတ္တဝါဝေနေယျ များစွာ အတွက် လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလပတ်လုံး အလုပ်တွေ မနေမနား လုပ်ခဲ့တာဟာပရဟိတအတွက်ဖြစ်ပါတယ်။ ဒီတော့ ပရဟိတဆိုတာ ဘယ် လိုလူပဲဖြစ်ဖြစ်၊ လူမှန်ရင်တော့ ဘာမှကန့်သတ်မထားဘဲနဲ့ ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ပရဟိတအလုပ်ကို လုပ်ရမယ် ဆိုတာပါပဲ။

နေရာတိုင်းတော့ လုပ်နိုင်မှာ မဟုတ်ဘူး။ ကိုယ်နိုင်တာတွေလုပ်ဖို့ ပါ။ ဘယ်သူပဲဖြစ်ဖြစ်ပေ့ါ၊ ကိုယ်စွမ်းဆောင်နိုင်တာလေးတွေကို ကျရာ တာဝန်ကနေ မသွေဖီဘဲ လုပ်တာဟာလည်း ပရဟိတပါပဲ။ ကျောင်းဆရာ၊ ဆရာမပဲဖြစ်ဖြစ်၊ ဗေဒင်ဆရာပဲ ဖြစ်ဖြစ်၊ အာဏာရှိသူပဲ ဖြစ်ဖြစ်၊ တောင် သူလယ်သမားပဲဖြစ်ဖြစ်၊ သူတောင်းစားပဲဖြစ်ဖြစ်၊ ချမ်းသာသူပဲ ဖြစ်ဖြစ်၊ ဆင်းရဲသူပဲဖြစ်ဖြစ်၊ စာရေးဆရာ၊ အဆိုတော်၊ သရုပ်ဆောင် စသဖြင့် ဘယ်လိုသောအနုပညာရှင်ပဲဖြစ်ဖြစ်၊ နိုင်ငံရေးသမားပဲဖြစ်ဖြစ် လုပ်ကိုလုပ် ရမယ့်တာဝန်ဆိုတာ သိဖို့ လိုပါတယ်။ ခက်တာက တချို့က ကိုယ်လည်း မလုပ်ချင်၊ လုပ်နေတဲ့လူကိုလည်း မကူညီချင်၊ မကူညီချင်တဲ့အပြင် နှောက် ယှက်ချင်တာတွေ၊ အတိုက်အခံလုပ်ချင်တာ၊ ရန်မူချင်တာတွေ စသဖြင့် လုပ်တတ်ကြတယ်။ ဒါတွေဟာ လူစိတ်မရှိသူတွေရဲ့လုပ်ရပ်လို့ ဆိုရမှာပေ့ါ။

ဒါကြောင့် မြန်မာ့ဆိုရိုးတစ်ခုဖြစ်တဲ့ မကူညီချင်နေပါ၊ မနှောက်ယှက်ပါနဲ့-ဆိုတဲ့ ဆိုရိုးတစ်ခု ပေါ်ပေါက်လာတာ ထင်တယ်။ ဒီတော့ လုပ်ချင်တာ လေးတွေကို စဉ်းစားကြည့်ကြရအောင်။ အကောင်အထည် မဖော်ခင်တော့ ဒီလိုပဲလုပ်ချင်တာလေးတွေကို စိတ်ကူးနဲ့ပုံဖော်ကြည့်ရမှာ ဖြစ်တယ်။

စောင့်ရှောက်ရေးဂေဟာ အမျိုးမျိုး၊ ကျေးလက်လိုအပ်မှု အဖုံဖုံ၊ လိုအပ်မှုတွေကတော့ ဒုနဲ့ဒေးရှိနေတာကတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ဥပမာတစ်ခု စဉ်းစားကြည့်မယ်၊ အကောင်အထည်လည်း ဖော်ကြည့်စေချင်ပါတယ်။ အခြားအခြားသော လူမှုရေးကိစ္စတွေလည်း တော်တော်လေး လုပ်ခဲ့ဖူးကြမှာပါပဲ။ ဒါပေမယ့် မိမိအာရုံထဲမှာ လုပ်ကြည့်ချင်တာတစ်ခုရှိ တယ်။ အများဆိုင်လုပ်ငန်းဖြစ်ပါတယ်။ အဲဒါကတော့ အခြားသော အနု ပညာရှင်တွေများစွာပါဝင်ရမှာ ဖြစ်သလို၊ လုပ်ငန်းရှင်တွေလည်း ပါဝင်ရမှာ ဖြစ်ပါတယ်။ အားလုံးဝိုင်းပြီး အကောင်အထည်ဖော်ရင်တော့ ကုန်ကျစရိတ် ဟာ

တော်တော်လေးသက်သာမှာဖြစ်ပြီး ကျရာတာဝန်ကို ကျေပွန်စွာထမ်း ဆောင်ကြမယ်ဆိုရင် လူမှုရေးရံပုံငွေအတွက် အထောက်အပံ့တစ်ခုလောက် တော့ အတိုင်းအတာတစ်ခုလောက်အထိ ရရှိပါလိမ့်မယ်။ အဲဒါဟာ အခြား မဟုတ်ပါဘူး။ သီချင်းအခွေလေးတစ်ခုပါ။

ဖျော်ဖြေရေးခေါင်းစဉ်အောက်ကနေလည်း တတ်နိုင်ရင် တတ်နိုင် သလို ပါဝင်ကြရမှာ ဖြစ်ပ့ါမယ်။ ဒီတော့ အားငယ်နေသူတွေ၊ စိတ်ဓာတ်ကျ နေသူတွေ၊ ဘဝတစ်ခု ဆုံးရှုံးမသွားခင်လေး ကျင်နာမှုတရားတွေနဲ့ ကင်းကွာ နေရတဲ့လူတွေ၊ မျက်မမြင် ဒုက္ခသည်တွေ၊ H I V-A I D S စတဲ့ ရောဂါသည် တွေ၊ ဆင်းရဲတဲ့သူတွေ၊ အခြားသောရောဂါပေါင်းစုံအောက်ကနေ သေမင်း နဲ့ နပမ်းလုံးနေရသူတွေ၊ သဘာဝ ဘေးအန္တရာယ်ဆိုတဲ့ ကပ်ဆိုးကြီးတွေ ကျရောက်ပြီး စားရမဲ့ သောက်ရမဲ့ဘဝတွေ စသဖြင့် ကမ္ဘာအသီးသီးမှာ လူမျိုးပေါင်းများစွာ ဒုက္ခတွေနဲ့ရင်ဆိုင်နေရတဲ့ လူတွေဟာ တောင်ပုံ၊ ရာပုံ ရှိနေပါတယ်။ အဲဒီ လူတွေအတွက် စိတ်ဓာတ်မြှင့်ပေးတဲ့သီချင်းတွေ သီဆိုမှု တွေ၊ သရုပ်ဆောင်မှုတွေ၊ ရှိုးပွဲတွေ၊ လုပ်ပေးနိုင်ဖို့ အာသီသ ဖြစ်မိပါတယ်။

အရည်အသွေးမီတဲ့ စီးရီးတစ်ခွေထွက်ဖို့ဆိုတာ သိန်းရာနဲ့ချီ ကုန်ရတယ် ဆိုတာသိပါတယ်။ ဒီတော့ ပထမဆုံးသီချင်းရေးဆရာတွေအနေနဲ့ အကြောင်းအရာ တစ်ခုစီအောက်ကနေ အကောင်းဆုံးအနေနဲ့သီချင်းတစ်ပုဒ်ကိုရေးပြီး အဖွဲ့အစည်း ကို လှူဒါန်းနိုင်ရမယ်။ ဒီသီချင်းနဲ့အဆင်ပြေမယ့် အဆိုတော်ဟာလည်း အကောင်း ဆုံးဖြစ်အောင် ကြိုးစားပြီး သီဆိုပေးရမယ်၊ အသံအလှူ လုပ်ရမယ်ပေ့ါ၊ ဒီလိုနဲ့ Player များဟာလည်း ကျွမ်းကျင်ရာနယ်ပယ်ကနေ အခမဲ့ကောင်းမွန်အောင် တီးခတ်ပေးမယ်။ ထို့အတူ အသံသွင်းတဲ့နေရာမှာလည်း အင်ဂျင်နီယာရော၊ စတူ ဒီယိုပိုင်ရှင်ရော၊ Maxing ဆွဲတာတွေ စသဖြင့် အခမဲ့လှူဒါန်းနိုင်ရမယ်။ ဒီသီချင်းနဲ့ အဆင်ပြေမယ့် သရုပ်ဆောင်သူ၊ ကုန်ကျမှုအသီးသီး၊ ဒါရိုက်တာစသူများဟာလည်း Free သဘောမျိုးကူညီရမယ်။ တစ်ဦးတစ်ယောက်တည်းတော့ အားလုံးအကုန်

လုပ်စရာ မလိုပါဘူး။ တတ်နိုင်တာတစ်ခုလောက်ကိုသာ အနုပညာသမားအနေနဲ့ ကူညီနိုင်ဖို့ပါ။ မူပိုင်ဆိုတာတွေ၊ အငြင်းပွားဖွယ်တွေလည်း အားလုံးမဖြစ်အောင် ဒါကိုအဖွဲ့အစည်းတစ်ခုတည်းကို လှူဒါန်းမှုဆိုတာတွေဖြစ်အောင်လုပ်ထားဖို့ လိုပါတယ်။ ဒီလိုဆိုရင်တော့ အခွေဖြန့်ချိဖို့၊ လုပ်ငန်းရှင်တွေအနေနဲ့ငွေတတ်နိုင်သလောက် လှူဒါန်းပြီး ကူညီပါဝင်ဖို့လိုပါတယ်။ အဖွဲ့အစည်းကိုလည်း စနစ်တကျဖွဲ့စည်းဖို့၊ လူတိုင်းပါဝင်လာဖို့ လိုပါတယ်။

အခွေကိုလည်း အဖွဲ့အစည်းကနေ ဖြန့်ချိဖို့။ လူတွေအနေနဲ့လည်း ဝယ်ချင်အောင် သတင်းမီဒီယာများမှတဆင့် ရံပုံငွေကို ဘယ်လိုအသုံးပြုမယ့်အကြောင်း ပြည်သူလူထုကို အသိပေးနိုင်ရမယ်။ ကူညီရမယ်ပေ့ါ။ အင်အားကြီးသွားပြီဆိုရင်တော့ ဒီသီချင်းတွေကိုပဲ ရှိုးပွဲတွေကို အတတ်နိုင်ဆုံး နေရာတော်တော်များများမှာ ကျင်းပပြီး ရံပုံငွေကို ထပ်ပြီးရှာလို့ ရပါတယ်။ ရောဂါသည်တွေ၊ အခမဲ့ပညာဒါန စတာတွေအထိ ကူးစက်သွားဖို့လိုပါတယ်။ သူတို့အတွက်ဆိုတော့ သူတို့ရှိတဲ့ နေရာတွေအထိ ဖျော်ဖြေပေးနိုင်တဲ့အထိ လုပ်နိုင်ရမယ့်။ ရလာတဲ့ရံပုံငွေကိုလည်း အဖွဲ့ရဲ့ ဦးစားပေးထောက်ပံ့ရေး တစ်၊နှစ်၊သုံး စသဖြင့် ကျယ်ပြန့်ရင် ကျယ်ပြန့်သလောက်ချဲ့သွားနိုင်ရပ့ါမယ်။ အဲဒီ လောက် မစွမ်းနိုင်ရင်တော့ အထက်က ပြောခဲ့တာတွေကို လုပ်ပြီး၊ စီစဉ်ပြီးရင်တော့ လူမှုရေးလုပ်နေတဲ့လုပ်ငန်းတစ်ခုလောက်ကို စွန့်လွှတ်လှူဒါန်းလိုက်ရင်လည်း အချိုးအနှီးတော့ မဖြစ်ပါဘူး။ လုပ်ချင်တာလေးကို တွေးမိတာလို့ ပြောကြည့်တာပါ။ ဆိုလိုတာကတော့ အဲဒီ လို မိမိဖြစ်ချင်တာလေးတွေဆီကို သွားကြည့်ဖို့၊ စိတ်ကူးကြည့်ဖို့၊ တတ်နိုင်သလောက် အကောင်အထည်ဖော်ကြည့်ဖို့ တိုက်တွန်းလိုပါတယ်။ ဖြစ်ချင်တာလေးတွေကို စိတ်ကူးထဲ ထည့်ထားပြီး ကိုယ်နဲ့ သဘောတူတဲ့ သူငယ်ချင်းလေးငါးဆယ်ယောက်လောက်နဲ့ လူမှုရေးလုပ်ငန်းလေး တစ်ခုလောက်လုပ်ကြည့်ဖို့ တိုက်တွန်းကြည့်လိုပါတယ်။ အဓိကထားပြီး ပြောချင်တာကတော့ လူငယ်လေးတွေအနေနဲ့ ပရဟိတဘက်ကို စိတ်ဝင်စားလာစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ တစ်နေ့မှာ အနာဂတ်ကို ခေါင်းဆောင်း

မယ့်လူတွေဖြစ်လာမယ်ဆိုတာပါပဲ။ ဒီလို စိတ်ကောင်း၊စေတနာကောင်းရှိတဲ့ လူငယ်လေးတွေရဲ့လက်ထဲကိုကမ္ဘာကြီးဟာ လက်ပြောင်းခွင့်ရရှိမယ့်ဆိုရင် အေးချမ်းတဲ့ကမ္ဘာကြီးအသွင်ကို ဆောင်နိုင်ပါလိမ့်မယ်။ လုပ်စရာတွေကတော့ အများကြီးဆိုတာအထူးပြောနေစရာမလိုဘူးလို့ ထင်ပါတယ်။ လုပ်ကြည့်စေဖို့လောက်ပဲ တိုက်တွန်းချင် ပါတယ်။ နမူနာသဘောလောက်မျှသာ ထုတ်ပြလိုက်ပါတယ်။

အဲဒီ လို အများအကျိုးလုပ်တယ် ဆိုပေမယ့် တစ်ခါတလေတော့လည်း မလိုသူများကတော့ ရှိနေတတ်ပါတယ်။ ကျေးဇူးကန်းတဲ့အသွင်ကို ဆောင်စေပြီး၊ ကိုယ့်ရဲ့ပရဟိတစိတ်ဓာတ်ကိုရိုက်ချိုးတာမျိုးတွေလည်း ရှိတတ်ပါတယ်။ ကျော်သွားနိုင်ဖို့ လိုပါတယ်။ အဲဒီ လို မဟုတ်ရင်တော့ ရှေ့သွားရမယ့်လမ်းဟာ ပိတ်ဆို့နေပါလိမ့်မယ်။ ဒါကြောင့် သည်းခံမှုတရားကို လက်ကိုင်ထားပြီး ရှေ့ဆက်လျှောက်ဖို့လည်းလိုပါတယ်။ နှောက်ယှက်မှုများကို ကျော်လွှားနိုင်ရင်တော့ ပရဟိတလုပ်ငန်းဟာ တစ်စထက်တစ်စ အောင်မြင်မှုတွေစည်ဝေလာပါလိမ့်မယ်။ ဒီနေရာမှာ ဇာတ်တော်လေးတစ်ပုဒ်လောက် ထုတ်ပြပါ့မယ်။ လိုက်နာအတုယူစေချင်ပါတယ်။ ဒါလေးကတော့ တော်တော်များများလည်း သိပြီးဖြစ်ပါတယ်။ မသိသေးသူ၊ မဖတ်ဖြစ်သေးသူတွေအတွက်တော့ တော်တော်လေးအားကောင်းတဲ့ဇာတ်တော်လေး ဖြစ်ပါတယ်။

ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း မင်းလုပ်အုပ်ချုပ်စဉ်အခါက ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းတွေကို လုပ်ကိုင်စားသောက်နေတဲ့ ပုဏ္ဏားတစ်ယောက်ရှိတယ်။ တစ်နေ့တော့ နွားတွေကိုအနားပေးထားပြီး ပေါက်တူးတစ်လက်နဲ့ လုပ်ငန်းခွင်ဝင်နေခိုက်မှာ နွားတွေဟာ အစာလိုက်ရှာရင်း ဟိမဝန္တာတောထဲကို ဝင်သွားပါတယ်။ ပုဏ္ဏားကြီးလည်း ပေါက်တူးတစ်လက်နဲ့ အလုပ်လုပ်နေတော့ နွားတွေထံကိုအာရုံမရောက်ဘူးဖြစ်နေတယ်။ သတိရမှကြည့်လိုက်တော့ နွားတွေ မတွေ့တော့တာနဲ့ လိုက်ရှာတယ်။ ဒီလိုနဲ့ ဟိမဝန္တာတောထဲကို ရောက်သွားတယ်ပေါ့။ သိတဲ့အတိုင်း တောနက်လေ၊ မျက်စေ့လည်စရာကောင်းလေပေါ့။ လိုက်ရှာရင်း၊ ရှာရင်းနဲ့ ဒီတော ကြီးထဲမှာ မျက်စေ့လည်သွားတယ်။

၇-ရက်တိုင်တိုင် အစာ မစားရဘူး။ ဝတ်မွတ်နေခဲ့တယ်။ ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံနေရတာ ပေါ့။ ရေကလည်း မတွေ့တော့ အစာတင် မဟုတ် ဘူး၊ ရေတောင် မသောက်ရဘူး ဖြစ်နေတယ်။ ကြုံလှီနေတော့တယ်ပေါ့။ ဒီလိုနဲ့ ကံအားလျော်စွာပဲ ၇-ရက်မြောက်နေ့မှာတော့ တည်ပင်ကြီးတစ်ပင် တွေ့တယ်။ အသီးတွေကလည်း ဝင်းမှည့်နေတယ်။ ဒါကြောင့် တည်ပင်ကြီးကနေ ကြွေကျနေတဲ့ တည်သီးတွေကောက်စားရင်း ဆာလောင်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်တော့တယ် ပေါ့။ ကြွေကျတဲ့သစ်သီးတွေကုန်သွားတော့ သစ်သီးတွေ ဆွတ်ခူးစားသောက် ဖို့ အပင်ပေါ်အတက်မှာ သစ်ကိုင်းက ကျိုးကျပြီး ချောက်ကြီးထဲ ထိုးကျသွားတော့တယ်။ အားအင်ကလည်းချိနဲ့နေတော့ သိပ်ပြီး မရုန်းနိုင်သေးဘူးလေ။

ဒါကြောင့် ဒီချောက်ကြီးထဲမှာပဲ ၁၀-ရက်တိုင်တိုင်၊ ရေငတ်ရပြန်၊ အစာငတ် ရပြန်တယ်။ ဒါပေမယ့် ကံအားလျော်စွာပါပဲ ဘုရားလောင်းမျောက်မင်းနဲ့ သွားတွေ့တယ်။ တွေ့တော့ ဘုရားလောင်းဆိုတာ သိတဲ့အတိုင်း တိရစ္ဆာန် ဖြစ်ပေမယ့် ပရဟိတစိတ်အပြည့်အသိစိတ်ဓာတ်နဲ့ ဒုက္ခရောက်နေတဲ့ ပုဏ္ဏား ကြီးကိုကယ်တင်ဖို့ လုပ်တော့တယ်။ ချောက်ထဲ ဆင်းသွားပြီး ပုဏ္ဏားကြီး ကို ကျောပိုးဆွဲတင်လိုက်နိုင်တယ်။ လူတစ်ယောက်ရဲ့ဝန်ဟာ ဘယ်လောက် လေးမယ်ဆိုတာ သိတဲ့အတိုင်းပဲလေ။ ဒါပေမယ့် အားအင်ထုတ်သုံးပြီး ပင်ပန်းခက်ခဲစွာ သယ်လာခဲ့ပါတယ်။

စဉ်းစားကြည့်လေ ... ဘယ်လောက်တောင် ရုန်းကန်ခဲ့ရသလဲ ဆိုတာ။ ဒီလိုနဲ့ ဘုရားလောင်းမျောက်မင်းဟာ ကုန်းပေါ်ရောက်တဲ့အထိ ပင်ပန်းခက်ခဲစွာ ယ်ခဲ့ရတော့ ပင်ပန်းသွားတယ်။ ခန္ဓာကိုယ်တောင် မလှုပ် ချင်တော့ဘူးပေါ့။ အပေါ်ရောက်တယ်ဆိုရင်ပဲ လယ်သမားကြီးကို အစောင့် အဖြစ်ထားပြီး လယ်သမားကြီးရဲ့ပေါင်ပေါ်မှာပဲအိပ်ပျော်သွားခဲ့တယ်။ ဒီ အချိန်မှာ ပုဏ္ဏားကြီးဟာ အဆာလွန်နေပြန်တော့ အကြံဆိုးတွေ ကြံ တော့တယ်။ သူ့အကြံဆိုးတာကတော့ ကျေးဇူးရှင်ဖြစ်တဲ့မျောက်ကို သတ်စား ရန်၊ နောက်ပြီး ပိုတဲ့အသားတွေကို

ရိက္ခာထုပ်အတွက် ယူသွားရန်ပေ့ါ။

ပင်ပန်းလွန်းလို့ သူ့ရဲ့ပေါင်ပေါ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေတဲ့ မျောက်ကို အနီးအနားမှာရှိတဲ့ ကျောက်ခဲနဲ့ ထုသတ်လိုက်တယ်။ ဒါပေမယ့် အစာမစားရတာ ရက်ပေါင်းအတော်ကြာနေတော့ ပုဏ္ဏားကြီးရဲ့ အားအင် တွေက ဆုတ်ယုတ်နေခဲ့တယ်။ ဒီတော့ သူ ထုလိုက်တဲ့ ထုချက်၊ ဒဏ်ရာက အားပျော့နေတော့ မျောက်မင်းသေနိုင်အောင် မပြင်းထန်ဘူး ဖြစ်သွားတယ်။ ဒီတော့ မျောက်မင်းလည်း အသက်ဘေးက သီသီကလေး လွတ်သွားတော့ တယ်။ အိပ်ပျော်နေတာကနေ အလန့်တကြားဖြစ်ပြီး မျောက်ဟာ သစ်ပင် ပေါ်ခုန်တက်သွားနိုင်ခဲ့တယ်။ ဒါပေမယ့် သူဟာ ပရဟိတသမားပီပီ ကိုယ့် ကိုယ်ရန်ပြုတဲ့လူကိုတောင်ပြန်လည်ရန်ပြုမှုမလုပ်ဘဲ သူတော်ကောင်းစိတ် ဓာတ်နဲ့ ဆက်ပြီးကူညီသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီလိုနဲ့ သစ်ပင်ပေါ်ကနေ မျက်ရည်တွေ စီးကျရင်း သနားစရာ ကောင်းတဲ့ပုဏ္ဏားကြီးကိုကြည့်နေခဲ့တယ်။ နောက်ပြီး ပုဏ္ဏားကြီးကို မျက်ရည် ဝဲနေတဲ့ မျက်လုံးအစုံနဲ့ကြည့်ရင်း စကားတွေ ပြောတယ်။ သူ့အနေနဲ့တော့ သစ်ပင်ပေါ်ကနေ မဆင်းတော့ဘူး။ ဆင်းလို့လည်း မဖြစ်ဘူး။ ဒါကြောင့် ပုဏ္ဏားကြီးကို သစ်ပင်ပေါ်ကနေ လမ်းပြပေးမယ်ဆိုတဲ့အကြောင်း ပြော တယ်။ မိမိရဲ့ဒဏ်ရာကနေ စီးကျနေတဲ့သွေးစက်များကို ခြေရာခံပြီး လိုက်ဖို့ ပြောတယ်။ ပုဏ္ဏားလည်း သူထုထားတဲ့ ဒဏ်ရာများမှတစ်ဆင့် မျောက်မင်း ရဲ့ ဦးခေါင်းပေါ်ကနေ စီးကျနေတဲ့ သွေးစက်များကို ခြေရာခံရင်း လိုက်သွား တယ်။ ဒီလိုနဲ့ လူသူလေးပါးသွားရာ၊ လူသွားလမ်းအထိ လိုက်ပို့ခဲ့ရှာတယ်။

ပုဏ္ဏားဟာ ရေမသောက်ရတာ ကြာတော့ ရေငတ်နေတယ်၊ ဒါ ကြောင့် ရေအိုင်တွေ့တာနဲ့ ရေကိုသောက်လိုက်ပါတယ်။ ဒါပေမယ့် သူ လုပ်ထားတဲ့ အကုသိုလ်ကံက ဘဝ မခြားပါဘူး။ အကျိုးပေးပါတော့တယ်။ ရေပေါက်ထိရာနေရာတိုင်းမှာ နူနာတွေ ပေါက်လာတော့တယ်။ ဒီရောဂါ တွေဟာ

ပုဏ္ဏားကြီးကို ၇-ရက်တိုင်တိုင် ပြင်းပြင်းထန်ထန် နာကျင်စေပါ တယ်။ ဒီလိုနဲ့ဆက်သွားတော့ ပုဏ္ဏားကြီးဟာ ဗာရာဏသီ၊ မိဂဒိန်ဥယျာဉ်ထဲ အရောက်မှာတော့ ဒီလောက် တိရစ္ဆာန်လောက်မှ အသိစိတ် မရှိ၊ စာနာ နားလည်မှု မရှိ၊ သနားကြင်နာမှု မရှိတဲ့ လူယုတ်မှာကို မြေကြီးကလည်း ထမ်းပိုးမထားတော့ဘဲ အဝီစိငရဲအထိ ပို့ဆောင်ပစ်လိုက်တော့တယ်။

သဘာဝ တရားကြီးဆိုတာ အဲဒီ လိုပဲ ရုပ်တရားကြီး ဖြစ်သော်ငြား ဓမ္မဘက် ကနေ မှားမှားမတ်မတ် ရပ်တည်တတ်တယ်ဆိုတာ တော်တော်များများ တွေ့ရတယ်။ ကျေးဇူးရှင်ကို ပြစ်မှားရင်တော့ တစ်နေ့နေ့မှာတော့ သိတဲ့ အတိုင်း ဒီဒဏ်ရာ၊ဒဏ်ချက်တွေဟာ ငြိမ်မနေဘဲ ပြန်လည်တိုက်ခိုက်လာ မယ်ဆိုတာ သိဖို့လိုပါတယ်။

ဒီလိုပါပဲ။ ပရဟိတစိတ်ဓာတ်နဲ့ စွမ်းစွမ်းတမံဆောင်ရွက်နေကြပေ မယ့် မကူညီတဲ့အပြင် ဒုက္ခပေးတတ်တာတွေကတော့ တစ်ခုမဟုတ်တစ်ခု ကြုံလာနိုင်ပါတယ်။ ဒါကို မေတ္တာစိတ်အပြည့်နဲ့ ကျော်လွှားသွားနိုင်ဖို့ လိုပါ တယ်။ မကူညီချင်နေပါ၊ (မနှောက်ယှက်) ဒုက္ခမပေးပါနဲ့ ဆိုတဲ့ စကားလုံး လေးကိုပဲ အထပ်ထပ်မှာလိုပါတယ်။ လူစိတ်မရှိတဲ့လူတွေကတော့ အနှောက် အယှက်တွေ ပေးမှာပါပဲ။ ဒါပေမယ့် ပရဟိတသမားဟာ ဒါမျိုးတွေကို အစကထဲကသိအောင်လုပ်ထားဖို့၊ ကျော်လွှားသွားနိုင်ဖို့ လိုပါတယ်။ လုပ်ရ မယ့်လမ်းတွေပေါ်မှာ ဖြတ်လျှောက်ရမယ့် ပရဟိတသမားအတွက် ဒါတွေ ဟာ ဘယ်လိုမှ ရှောင်ကွင်းသွားလို့ မရဘဲ တစ်ခုမဟုတ်တစ်ခု တွေ့ရမယ် ဆိုတာပါပဲ။ စကားလေးတစ်လုံးကြားဖူးတယ်။ အဲဒါဟာလည်း ဘုရားစကား ကို ရေးထားတာ၊ ဆိုထားတာ ဖြစ်ပါတယ်။ ''မှား၊ မှားမှန်းသိ၊ လူတော် ဖြစ်နိုင်၏ ၊ မှားပါလျက်ပင် မှန်ဟုထင် မှားမြဲ မှားမည်ပင်'' တဲ့။ ဒီ စကားလေးလိုပါပဲ သူတစ်ပါးကို မကူညီဘဲ လိုက်နှောက်ယှက်တတ်တဲ့ လူဟာ ကိုယ့်အမှားကိုသိအောင်လုပ်ဖို့ လိုပါတယ်။ ပရဟိတသမားအနေ နဲ့ကတော့ သွားရမယ့်လမ်းကြောင်းကို

ရဲရဲဆက်လျှောက်သွားဖို့ လိုအပ် ပါတယ်။

လူမိုက်ဆိုတာ မိမိကိုယ်ကိုယ်မိမိ မိုက်သည်၊ မှားသည်ကို သိရင် အဲဒီ လူမိုက်ဟာ ပညာရှိလို့ ဆိုရမယ်။

ဒါပေမယ့် မိမိမိုက်တာကို၊ မှားတာကို၊ မိုက်တယ်၊ မှားတယ်လို့ မသိဘဲ ဒါကိုပဲ အမှန်လို့ သိမြင်နေရင်တော့၊

အဲဒီ လူမိုက်ဟာ တကယ့်လူမိုက်စင်စစ် ဖြစ်တယ်။ အဲဒီ လူမိုက်ဟာ တကယ့်လူမိုက်စင်စစ် ဖြစ်တယ်။ (ဗုဒ္ဓ)

**(ဒီဇင်ဘာ ၂၀၁၁၊ Family မဂ္ဂဇင်း)**

*